# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

September 11 , 2023 Volume 70, Number 7

၁၁.၉.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၇ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၂.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၃.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၀.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၁.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၉၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၁၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၈၉ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၉.၃၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၁၇၂ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ (Task Force) ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး



သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် (Warehouse Receipt Financing System – WRFS) အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ (Task Force) ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်း .အဝေးကို ယနေ့နေ့လယ်ပိုင်းတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ညှိနှိုင်းအစည်းအဝေးတွင် သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် (Warehouse Receipt Financing System – WRFS) အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွှန့်အောင်က ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့သည့် သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲ၏ ဖော်ထုတ်ချက်များကို လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ယနေ့ အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ Task Force အဖွဲ့အနေဖြင့် သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် အကောင်

အထည်ဖော်ဆောင်ရွက်ရေးအတွက် ဆောင်ရွက်မည့်အစီအမံများရေးဆွဲခြင်း၊ မူဝါဒများချမှတ်ခြင်း၊ စံလုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း စည်းကမ်းများ ထုတ်ပြန်ခြင်း၊ သီးခြားရန်ပုံငွေတစ်ရပ်ထူထောင်ခြင်း၊ အစပျိုးစမ်းသပ်ကာလ (Pilot Project) အဖြစ် စတင်ဆောင်ရွက်ခြင်းနှင့် သိုလှောင်ရုံတည်ဆောက်ရင်းနှီးမြှုပ်နှံလိုသည့် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များကို အားပေးကူညီခြင်းစသည့် လုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဆန်စပါးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တောင်သူလယ်သမားများအတွက် ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးသည့်သီးနှံအာမခံစနစ်ကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ခြင်းသည် ဆန်စပါးဈေးနှုန်းတည်ငြိမ်ရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ သိုလှောင်ရုံကုန်အပ်လက်မှတ်ကိုအခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်တစ်ရပ် အောင်မြင်စွာဖော်ဆောင်နိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သက်ဆိုင်ရာအစိုးရဌာနများ၊ သီးနှံစိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၊ သိုလှောင်ရုံ လုပ်ငန်းရှင်များနှင့် ကုန်သည်လုပ်ငန်းရှင်များ အပါအဝင် သက်ဆိုင်သူများအားလုံးက အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းလျက် ဟန်ချက်ညီစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားပါသည်။

ယင်းနောက် ညှိနှိုင်းအစည်းအဝေးကို တက်ရောက်လာကြသည့် လုပ်ငန်းအဖွဲ့ဝင်များက သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

ညှိနှိုင်းအစည်းအဝေးသို့ သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် (Warehouse Receipt Financing System – WRFS) အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့်ညီနောင်အသင်းများ၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ မြန်မာနိုင်ငံအာမခံအသင်း၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%%

## အီလက်ထရောနစ်နည်းလမ်းဖြင့် ကူးသန်းရောင်းဝယ်ရေးလမ်းညွှန် (E-Commerce Guidelines) အား ထုတ်ပြန်ကြေညာခြင်း

အီလက်ထရောနစ်နည်းလမ်းဖြင့် ကူးသန်းရောင်းဝယ်ခြင်းလမ်းညွှန် (E-Commerce Guidelines) ဆက်စပ်ဥပဒေများ၊ စည်းမျဉ်းများ၏ပြဋ္ဌာန်းချက်များကို နားလည်သဘောပေါက်၍ မှန်ကန်စွာလိုက်ပါဆောင်ရွက်ခြင်းအားဖြင့် စားသုံးသူကာကွယ်ရေး၊ မျှတသောကူးသန်းရောင်းဝယ်ရေး အလေ့အကျင့်ကောင်းများနှင့် လုံခြုံသော E-Commerce ဂေဟစနစ်တို့ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ အီလက်ထရောနစ်နည်းလမ်းဖြင့် ကူးသန်းရောင်းဝယ်ခြင်းလမ်းညွှန် (E-Commerce Guidelines) ကို ထုတ်ပြန်ခြင်းဖြစ်ပါသည်။

အီလက်ထရောနစ်နည်းလမ်းဖြင့် ကူးသန်းရောင်းဝယ်မှုပြုလုပ်သူများအနေဖြင့် ပူးတွဲပါအီလက်ထရောနစ်နည်းလမ်းဖြင့် ကူးသန်းရောင်းဝယ်ခြင်းလမ်းညွှန် (E-Commerce Guidelines) ပါ သတ်မှတ်ချက်များနှင့်အညီ စနစ်တကျဆောင်ရွက်ရမည်ဖြစ်ပါသည်။

အီလက်ထရောနစ်နည်းလမ်းဖြင့် ကူးသန်းရောင်းဝယ်ခြင်းလမ်းညွှန် (E-Commerce Guidelines) ပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ပြင်ဆင်ခြင်း၊ ခေတ်နှင့်လျော်ညီစွာ ပြောင်းလဲခြင်းတို့အတွက် အခါအားလျော်စွာ ပြန်လည်သုံးသပ်၍ ပြင်ဆင်ဖြည့်စွက်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြောင်းလဲမှုများကို အချိန်နှင့်တပြေးညီ အသိပေးထုတ်ပြန်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**Source: စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ဈေးကွက်အတွင်း စပျစ်သီးမှည့်များ ဈေးနှုန်းကောင်းများရရှိနေ



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွာတန်းဒေသတွင် စိုက်ပျိုးသော စပျစ်သီးများ အနယ်နယ်အရပ်ရပ်မှ ဝယ်ယူမှု ကောင်းမွန်နေခြင်းကြောင့် ဈေးကွက်အတွင်း ဈေးနှုန်းကောင်းများ ရရှိနေကြောင်း ဒေသခံစပျစ် စိုက်ပျိုးသူများထံကသိရသည်။

ရမည်းသင်းမြို့နယ်တွင် စပျစ်သီးအမှည့် တစ်ပိသာလျှင် ၃၀၀၀ ကျပ်၊ လေးပိသာပါ တစ်ခြင်းလျှင် ១၅၀၀ ကျပ်ရှိပြီး လက်ကား ဝယ်ယူလျှင် တစ်ပိသာလျှင် ၂၅၀၀ ကျပ်နှုန်းရှိနေကြောင်းသိရသည်။ "စပျစ်သီးကို စိုက်ပျိုးရာဒေသအထိ လာဝယ်ကြတာများတယ်၊ အဓိက ပွဲစားတွေကတဆင့် ဝယ်ယူကြတာမျိုးပါ၊ လိုအပ်တဲ့ နယ်ကုန်သည်တွေက ပွဲစားကတဆင့် ဝယ်ယူကြတာပါ၊ အခုနှစ်ကတော့ အဝယ်လည်းကောင်းသလို ဈေးနှုန်းလည်း ကောင်းမွန်ပါတယ်"ဟု ရမည်းသင်းမြို့နယ် ရွာတန်းဒေသရှိ စပျစ်သီးစိုက်ပျိုးသူတစ်ဦးကပြောသည်။ ရမည်းသင်းမြို့နယ်ရှိ စပျစ်သီးမှည့်များကို ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ မကွေးစသည့်ဒေသများက အများဆုံးဝယ်ယူကြကြောင်းသိရသည်။

စပျစ်သီးမှာ အပူအအေးကို ဂရုပြုစိုက်ပျိုးရန်မလိုအပ်ပဲ မိုးရေချိန်လက်မ ၄၀ ထက်မပိုပဲ ရွာသွန်းသည့်ဒေသများတွင် စိုက်ပျိုးနိုင်ကြောင်း၊ စိုက်ပျိုးရာတွင် ပင်ထောင်စိုက်နည်း၊ ချုံပုတ်သဏ္ဍာန်စိုက်နည်း၊ ကြိုးတန်းတင်စိုက်နည်းနှင့် စင်တင်စိုက်နည်း စသည့်နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ကြောင်း၊ စိုက်ပျိုးနည်းစနစ်မှန်ကန်စွာဖြင့်စိုက်ပျိုးလျှင် ဖြစ်ထွန်းမှုကောင်းမွန်ပြီး စိုက်ပျိုးသူများအဆင်ပြေသည့် သီးနှံအမျိုးအစားဖြစ်ကြောင်း သိရသည်။

**Source:** မကွေးဂျာနယ်

## ပြည်ပနိုင်ငံများထံ တင်ပို့သည့် ဆန်နှင့်ဆန်ကွဲဈေးတက်လာ

ပြည်ပနိုင်ငံများထံသို့ တင်ပို့ရောင်းချနေသည့် မြန်မာပို့ကုန် ဆန်နှင့်ဆန်ကွဲဈေးနှုန်းများ မြင့်တက်လာကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်ချက်အရ သိရသည်။

အိန္ဒိယ၏ ကမ္ဘာ့ဈေးကွက်အတွင်း ဆန်ရောင်းချမှု ကန့်သတ်လိုက်ခြင်းကြောင့် ထိပ်တန်းဆန်တင်ပို့သူများဖြစ်သည့် ထိုင်း၊ ဗီယက်နမ်အပါအဝင် မြန်မာဆန်ဈေးနှုန်းများလည်း မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ဆန်ကွဲပါဝင်မှု ၅ ရာခိုင်နှုန်းရှိသည့် မြန်မာ့ဆန်ဖြူလုံးရှည် (၁)တန်မှာ ပြီးခဲ့သည့် ဩဂုတ်လပိုင်းတွင် ၅၂၅ ဒေါ်လာသာ ဈေးရရှိခဲ့ပြီး စက်တင်ဘာ ၁၂ ရက်အထိ ဈေးသတ်မှတ်ချက်အတွင်း ကန်ဒေါ်လာ ၆၀၀ နီးပါးအထိ မြင့်တက်လာကြောင်း ဖော်ပြထားသည့် ဈေးနှုန်းများအရ သိရသည်။

ထို့ပြင် အခြားသော ဆန်ကွဲပါဝင်မှုနှုန်း ၁၀ ရာခိုင်နှုန်း၊ ၁၅ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်း၊ ၂၅ ရာခိုင်နှုန်းရှိတဲ့ ကရင်မ၊ ဆင်းသုခ၊ ဧမိန်/ရာကျော်၊ ထွန်းပု/ဗိုက်ဖြူ စသည့် ဆန်အမျိုးအစားများသည်လည်း (၁) တန်လျှင် အနိမ့်ဆုံးဈေး ၅၃၅ ဒေါ်လာမှ အမြင့်ဆုံး ဒေါ်လာ ၆၄၀ အထိ ဈေးရရှိနေကြောင်း သိရသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် (၂ ဒသမ ၅) သန်း ရောင်းချနိုင်ရန်ရည်မှန်းထားပြီး ယင်းမှပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ (၁) ဘီလီယံရရှိရန် မျှော်လင့်ထားကြောင်းလည်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=128349

## အိန္ဒိယက ဆန်တင်ပို့မှုကို ကန့်သတ်ခဲ့ပြီးနောက် ကမ္ဘာ့ဆန်ဈေး ၁၅ နှစ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိခဲ့


ကမ္ဘာ့ထိပ်တန်း ဆန်တင်ပို့သူဖြစ်သည့် အိန္ဒိယက ပြည်ပသို့ ဆန်တင်ပို့မှုအချို့ကို ပိတ်ပင်ခဲ့ပြီးနောက် ပြီးခဲ့သည့် ဩဂုတ်လက ကမ္ဘာ့ဆန်ဈေးနှုန်းသည် ၁၅ နှစ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိခဲ့ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က စက်တင်ဘာ ၈ ရက်တွင် ပြောကြားခဲ့သည်။

ဩဂုတ်လအတွင်း ကမ္ဘာ့စားသောက်ကုန်ဈေးနှုန်းများ ကျဆင်းလာသော်လည်း ဆန်ဈေးနှုန်းသည် ပြီးခဲ့သည့်လနှင့်နှိုင်းယှဉ်ပါက ၉ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး အိန္ဒိယက ဆန်တင်ပို့မှုအပေါ် ပိတ်ပင်မှုအချို့ ပြုလုပ်ခဲ့ပြီးနောက် ရောင်းဝယ်ဖောက်ကားမှုများကို ထိခိုက်စေခဲ့သည့်အခြေအနေကို ထင်ဟပ်နေသည်ဟု FAO ၏ လအလိုက်အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဆန်သည် ကမ္ဘာ့နိုင်ငံများအတွက် အဓိကအစားအစာတစ်မျိုးဖြစ်ပြီး COVID-19 ကပ်ရောဂါကျရောက်မှု၊ ယူ ကရိန်းစစ်ပွဲဖြစ်ပွားမှုနှင့် ထုတ်လုပ်မှုအဆင့်များအပေါ် အယ်နီညိုရာသီဥတု၏ သက်ရောက်မှုများကြောင့် နိုင်ငံတကာဈေးကွက်များတွင် ဈေးနှုန်းများ တစ်ဟုန်ထိုးမြင့်တက်ခဲ့သည်။ ပြီးခဲ့သည့်ဇူလိုင်လတွင် အိန္ဒိယက ဆန်ဖြူတင်ပို့မှုများကို ပိတ်ပင်ကြောင်း ကြေညာခဲ့သည်။ ယင်းသည် စုစုပေါင်းဆန်တင်ပို့မှု၏ သုံးပုံတစ်ပုံခန့်ရှိသည်။

**Source:** https://news-eleven.com/article/253397

## ဆန်ဈေးတက်သော်လည်း FAO ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်း အညွှန်းကိန်း ၂ နှစ်အတွင်း အနိမ့်ဆုံးသို့ ပြန်လည်ကျဆင်း




ကုလသမဂ္ဂ စားနပ်ရိက္ခာအေဂျင်စီဖြစ်သည့် စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ Food and Agriculture Organization (FAO) ၏ ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်းသည် ဩဂုတ်လတွင် နှစ်နှစ်တာအတွင်း အနိမ့်ဆုံးသို့ကျဆင်းခဲ့သည်။ ဆန်နှင့်သကြားဈေးတက်သော်လည်း စားသောက်ကုန်အများစုတွင် ဈေးကျဆင်းခြင်းကြောင့် ဈေးနှုန်းညွှန်းကိန်း ကျဆင်းသွားခဲ့သည်။

စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ ဈေးနှုန်းညွှန်းကိန်းသည် ကမ္ဘာ့ရောင်းဝယ်ဖောက်ကားမှု အများဆုံး စားသောက်ကုန်များ၏ ဈေးနှုန်းများကို အခြေခံထားသည်။ ဇူလိုင်လ ပျမ်းမျှ ၁၂၄.၀ မှတ်ရှိခဲ့ပြီး ဩဂုတ်လတွင် ပျမ်းမျှ ၁၂၁.၄ မှတ်ရှိကြောင်း သောကြာနေ့(စက်တင်ဘာ ၈) တွင် FAO က ပြောကြားသည်။

ဩဂုတ်လ ပျမ်းမျှရမှတ်သည် ၂၀၂၁ မတ်လနောက်ပိုင်း အနည်းဆုံးဖြစ်သည်။ အမြင့်ဆုံးလမှာ ၂၀၂၂ မတ်လဖြစ်သည်။ ယူကရိန်းစစ်ပွဲ စတင်ပြီးနောက် စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းဖြစ်သည်။

အားလုံးခြုံငုံထားသည့် ပျမ်းမျှအမှတ်ကျဆင်းရသည်မှာ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်ဆီများ၊ အသားနှင့် ကောက်နှံများ ဈေးကျသောကြောင့်ဖြစ်သည်။ ဆန်ဈေးနှုန်းသည် ၁၅ နှစ်အတွင်း အမြင့်ဆုံးသို့ခုန်တက်သည်။ အိန္ဒိယဆန်တင်ပို့မှု ကန့်သတ်ပိတ်ပင်ခြင်း၊ ပို့ကုန်ခွန် တိုးမြှင့်စည်းကြပ်ခြင်းတို့ကြောင့် ကမ္ဘာ့ဆန်ဈေး ခုန်တက်သည်။ ဆန်အညွှန်းကိန်းသည် ဇူလိုင်လထက် ၁၀ ရာခိုင်နှုန်းနီးပါး တက်လာသည်။

FAO ၏ သီးနှံညွှန်းကိန်းသည် ဇူလိုင်လထက် ၀.၇ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်။ မြောက်ကမ္ဘာခြမ်းတွင် ဂျုံရိတ်သိမ်းချိန်ဖြစ်သဖြင့် ဂျုံဈေးကျဆင်းခဲ့သည်။ ပြောင်းလည်းဈေးကျသည်မှာ ၇ လ ဆက်တိုက်ရှိပြီဖြစ်သည်။ ၃ နှစ်နီးပါးအတွင်း အနိမ့်ဆုံးသို့ကျဆင်းသည်။ ဘရာဇီး ပြောင်းအထွက်နှုန်း စံချိန်တင်များပြားပြီး အမေရိကန်တွင် ပြောင်းရိတ်သိမ်းချိန် နီးကပ်နေပြီဖြစ်သဖြင့် ပြောင်းဈေးပြုတ်ကျသည်။

သကြားညွှန်းကိန်းသည် ဇူလိုင်လထက် ၁.၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ကြံ ထုတ်လုပ်မှုအပေါ် အယ်နီညိုရာသီဥတုပုံစံ၏ အကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ရှိနေသဖြင့် သကြားဈေးတက်သည်။ ဟင်းသီးဟင်းရွက်ဆီညွှန်းကိန်းသည် ဩဂုတ်လတွင် ၃ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ နို့ထွက်ပစ္စည်းညွှန်းကိန်း ၄ ရာခိုင်နှုန်း ကျဆင်းသွားသည်။ တလထက်တလ ဈေးကျသည်မှာ ၈ လ ဆက်တိုက် ရှိသွားပြီဖြစ်သည်။

**Source: FAO**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6846-fao.html

## ကမ္ဘာ့သကြားဈေး ၁၂ နှစ်တာအတွင်း အမြင့်ဆုံးရောက်ရှိ



လာမည့် အောက်တိုဘာလတွင်စတင်မည့် ကြံရိတ်သိမ်း သကြားထုတ်လုပ်သည့်ရာသီအတွက် အိန္ဒိယက သကြားတင်ပို့မှုကို တားမြစ်မည်ဟု ကြေညာပြီးနောက် ကမ္ဘာ့သကြားဈေးနှုန်းများ မြင့်တက်ခဲ့သည်။

သကြားပြည်ပတင်ပို့မှု ကမ္ဘာ့အများဆုံး နိုင်ငံများထဲတွင် ပါဝင်သည့် အိန္ဒိယနိုင်ငံသည် မိုးခေါင်မှုနှင့်ရင်ဆိုင်နေရခြင်းကြောင့် သကြားထုတ်လုပ်မှု ကျဆင်းသွားစေသည်။

လူဦးရေ ၁.၄ ဘီလီယံရှိသော အိန္ဒိယသည် ကမ္ဘာပေါ်တွင် သကြားစားသုံးမှု အများဆုံးနိုင်ငံဖြစ်သည်။ ယခုနှစ် ပထမနှစ်ဝက်တွင် အိန္ဒိယသည် ပြင်းထန်သော မိုးခေါင်ရေရှားသည့် ပြဿနာနှင့်ကြုံတွေ့ခဲ့ရသည်။

မုတ်သုံရာသီတွင် မိုးရွာသွန်းမှု နည်းပါးသည်။ Maharashtra နှင့် Karnataka ကဲ့သို့သော အဓိကကြံစိုက်ပျိုးသည့် အိန္ဒိယပြည်နယ်များတွင် မိုးရွာသွန်းမှု သိသိသာသာနည်းပါးခဲ့သည်။ အကျိုးဆက်အဖြစ် သကြားထုတ်လုပ်မှု ၃.၃% လျော့ကျပြီး ၂၀၂၃-၂၀၂၄ ရာသီတွင် တန် ၃၁.၇ သန်းထွက်ရှိသည်။ ဤအခြေအနေသည် ၂၀၂၄-၂၀၂၅ ထုတ်လုပ်မှုရာသီအတွက် ကြံစိုက်ပျိုးခြင်းကိုလည်း သက်ရောက်မှုရှိမည်ဟု မျှော်လင့်ရသည်။

အိန္ဒိယသည် သကြားကိုအဓိကအားဖြင့် ပြည်တွင်းစားသုံးရန်ထုတ်လုပ်သည်။ ပိုသည့်ကြံကို အီသနောထုတ်လုပ်မှုအတွက် အသုံးပြုသည်။

၂၀၂၂-၂၀၂၃ ထုတ်လုပ်မှုရာသီတွင် အိန္ဒိယအစိုးရသည် သကြားတန်ချိန် ၆.၁ သန်း တင်ပို့ရန် ခွင့်ပြုထားသည်။ အိန္ဒိယတွင် စားသောက်ကုန် ကုန်ဈေးနှုန်းသည် ၁၁ ဒသမ ၅ ရာခိုင်နှုန်းသို့ ရောက်ရှိနေပြီး ၃ နှစ်အတွင်း အမြင့်ဆုံးဖြစ်သည်။ သို့ဖြစ်ရာ ပြည်တွင်းသကြားဈေးနှုန်းထိန်းရန် လာမည့်ရာသီအတွက် ပြည်ပတင်ပို့မည့် ခွဲတမ်းကို ရုပ်သိမ်းလိုက်သည်။

သကြားတင်ပို့မှုကိုပိတ်ပင်ရန် အိန္ဒိယ၏ဆုံးဖြတ်ချက်ကြောင့် Intercontinental Exchange တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၄၀.၂၀ သို့ မြင့်တက်သည်။ ကမ္ဘာ့သကြားဈေးကို ၁၂ နှစ်တာကာလအတွင်း အမြင့်ဆုံးသို့တွန်းပို့ခဲ့သည်။ သကြားကို အဓိကပါဝင်ပစ္စည်းအဖြစ် အသုံးပြုသည့် စားသောက်ကုန်များအပေါ် သက်ရောက်မှုရှိနိုင်ပြီး ၎င်းစားသောက်ကုန်တို့၏ ဈေးနှုန်းများကို ဈေးတက်သွားစေနိုင်သည်။

**Source: thenationthailand**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6848-sugar.html

## ဗီယက်နမ် ပို့ကုန်ဆန် ပြတ်လပ်ဖွယ်ရှိ

၂၀၂၃ ခုနှစ် ပထမ ၈ လတွင် ဗီယက်နမ်ဆန် တန်ချိန် ၆ သန်းနီးပါး ပြည်ပသို့တင်ပို့ခဲ့သည်။ တစ်နှစ်တာလျာထားချက်၏ ၈၉%ကို တင်ပို့ပြီးသွားပြီဖြစ်သည်။

ယမန်နှစ် ပထမ ၈ လနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၂၀% ပိုများသည်။ တန်ဖိုး ၃၄% ပိုများသည်။ ပထမ ၈ လတွင် ဆန်ကန်ဒေါ်လာ ၃.၂ ဘီလီယံဖိုး တင်ပို့ခဲ့သည်။

ဗီယက်နမ်ဆန် အများဆုံးဝယ်ယူခဲ့ကြသည့်နိုင်ငံများမှာ ဖိလစ်ပိုင်၊ တရုတ်၊ အင်ဒိုနီးရှားနှင့်ဂါနာတို့ဖြစ်ပါသည်။ ဗီယက်နမ်၏ ဆန်တင်ပို့မှုသည် ယခုနှစ် လက်ကျန်လများတွင် ပိုများလိမ့်မည်ဟု မျှော်မှန်းထားသည်။ ဈေးကွက်သစ်များမှ အမှာစာများ ပိုများလာမည်ဖြစ်သည်။

သို့သော် ပြည်ပဝယ်လိုအားကိုဖြည့်ဆည်းရန် ပြည်တွင်းမှာ ဆန်လုံလောက်မှုမရှိမည့်အရေးကို ပို့ကုန်လုပ်ငန်းရှင်များအကြား စိုးရိမ်မှုများရှိနေသည်။ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ ဆန်စပါးလုပ်ငန်းတစ်ခုမှ စီအီးအိုတစ်ဦးက ဗီယက်နမ်

ဈေးကွက်တွင် ဆန်ရောင်းလိုအားသည် စတုတ္ထသုံးလပတ်တွင် ပုံမှန်အတိုင်းဆက်ရှိနေမည်ဖြစ်ပြီး နိုင်ငံအများအပြားတွင် ဝယ်လိုအား သိသိသာသာ တိုးလာမည်ဟုဆိုသည်။ သို့ဖြစ်ရာ ပိုတိုးလာသည့်ပမာဏကို တင်ပို့ပေးဖို့ ဆန် ရ၊ မရ မသေချာချေ။

ယမန်နှစ်ကိုကြည့်လျှင် ဗီယက်နမ်နိုင်ငံသည် ဆန်တန်ချိန် ၇.၂ သန်း တင်ပို့ခဲ့သည်။ ထိုပမာဏ တင်ပို့နိုင်ရန်အတွက် အိန္ဒိယမှ ဆန်တန်ချိန် ၅ သိန်းမှ ၇ သိန်းအထိ တင်သွင်းခဲ့ပြီး၊ အိမ်နီးချင်းနိုင်ငံ ကမ္ဘောဒီးယားမှ ဆန်တန်ချိန် ၃ သိန်း တင်သွင်းခဲ့သည်။ ယခုနှစ်တွင် အိန္ဒိယက ဆန်တင်ပို့မှု ပိတ်ပင်ထားသဖြင့် ဆန်တင်သွင်းမှုလျော့ကျမည်။ "ဝယ်လိုအားက ရနိုင်မယ့်ပမာဏထက် ပိုများနေတယ်။ ဒီတော့ မျှော်မှန်းထားတာထက် ကျော်လွန်ပြီး တင်ပို့ပေးနိုင်မှာမဟုတ်ဘူး။ တန်ချိန် ၇.၅-၈ သန်းအထိ တင်ပို့နိုင်မှာမဟုတ်ဘူး"ဟု ၎င်းကပြောကြားသည်။

Orient Rice Co. Ltd ၏ အထွေထွေညွှန်ကြားရေးမှူး ငုယင်ဗီယက်အန်းက ယခုနှစ် ပို့ကုန်ဆန်လက်ကျန်အတွက် စိုးရိမ်သည်။ အမေရိကန်စိုက်ပျိုးရေးဌာနမှ အချက်အလက်များအရ ဗီယက်နမ်ဆန်လက်ကျန်ပမာဏနှင့် စားသုံးသည့်ပမာဏတို့အချိုးမှာ ၁၁% သာရှိသည်။ ရှိသင့်ရှိထိုက်သည်မှာ ၂၂% ဖြစ်သည်။ အိန္ဒိယက ဆန်တင်ပို့မှုကို ပိတ်ပင်လိုက်ပြီးသည့်အခါ ၈.၅% သာ ရှိတော့သည်။ လယ်သမားတွေက ရောင်းသင့်ရောင်းထိုက်တာထက် ပိုရောင်းနေကြတယ်။ ဈေးကွက်ထဲပွဲစားတွေ ရုတ်တရက် ပိုများလာတယ်။ ကမောက်ကမတွေဖြစ်ကုန်တယ်။ ငွေကြေးအရ အရှုံးပြတဲ့လုပ်ငန်းတွေအများကြီးပဲ" ဟု အန်းကပြောသည်။ စရံငွေ ဆုံးရှုံးသည်။ ဝယ်နေကျ လယ်သမားများထံမှ ဆန်ဝယ်မရတော့ချေ။

ဗီယက်နမ်စားသောက်ကုန်အသင်းမှ မကြာသေးခင်က ဝန်ကြီးချုပ်ထံတင်သွင်းသည့် အစီရင်ခံစာတွင် ဆန်ဈေးနှုန်းများ ရုတ်တရက်ခုန်တက်ခြင်းကြောင့် လယ်သမားများမှ ကုန်သည်များအထိ ကွင်းဆက်များပြတ်တောက်ကုန်သည်။ ဆန်စက်များနှင့် ဆန်ပို့ကုန်လုပ်ငန်းများအကြားတွင်လည်း ကွင်းဆက်များပြတ်တောက်ကုန်သည်။ ဆန်ပို့ကုန်လုပ်ငန်းများသည် ပြည်ပဝယ်လက်များနှင့် ချုပ်ဆိုထားသည့်စာချုပ်များအတွက်တင်ပို့ရန် ဆန်များဝယ်မရဖြစ်ကုန်သည်။

ပြည်ပပို့ကုန် ဆန်ဈေးသည် လွန်ခဲ့သည့် ရက်ပိုင်းအတွင်းကျဆင်းခဲ့ပြီး ပြည်တွင်းဆန်ဈေးမှာ မြင့်တက်နေဆဲဖြစ်သည်။ သို့ဖြစ်ရာ လက်ရှိတွင် ပြည်တွင်းဆန်ဈေးနှုန်းများသည် ပို့ကုန်ဆန်ဈေးနှုန်းများထက် ၅-၇% ပိုများနေပါသည်။

**Source: vnexpress**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6849-asia-rice.html

## ၅ လအတွင်း မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးမှ အမေရိကန်ဒေါ်လာ ၂ ဘီလီယံကျော်ရရှိ၊ ယမန်နှစ်ထက် သန်း ၂၀၀ နီးပါး ပိုမိုရရှိခဲ့

ယခုဘဏ္ဍာနှစ်၏ ငါးလတာကာလအတွင်း၊၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ဖြစ်သည့် ဧပြီလ ၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုတန်ဖိုးစုစုပေါင်း ကန်ဒေါ်လာ ၂ ဒသမ ၃၉ ဘီလီယံ ရရှိထားပြီး ယမန်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ကန်ဒေါ်လာ ၁၉၂ ဒသမ ၂၃၉ သန်း တိုးလာသည်။

ထိုင်း-မြန်မာ နယ်စပ်ကုန်သွယ်ရေးမှ မြန်မာ့လယ်ယာထွက်ကုန်များဖြစ်သည့် ပြောင်း၊ ရော်ဘာ၊ ငရုတ်၊ ပဲ၊ အားလူး၊ ကြက်သွန်နှင့် ရေထွက်ကုန်ဖြစ်သည့် ငါး၊ ပုဇွန်၊ ဂဏန်းများကို ထိုင်းနိုင်ငံသို့ အဓိကတင်ပို့ထားပြီး ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ ၁ ဒသမ ၆၇ ဘီလီယံရရှိထားကြောင်း သိရသည်။

ထို့ပြင် ထိုင်းနိုင်ငံမှ CMP အထည်အလိပ်၊ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်း၊ စိုက်ပျိုးရေးသုံးနှင့်စက်ရုံသုံးကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးကုန်ပစ္စည်း၊ စက်နှင့်စက်အပိုပစ္စည်း၊ စားသောက်ကုန်အစရှိသည်တို့ကို အများဆုံးတင်သွင်းနေပြီး အဆိုပါ သွင်းကုန်တင်သွင်းမှုမှ ကန်ဒေါ်လာ ၇၁၈ ဒသမ ၁၀၂ သန်းရရှိထားကြောင်း ကုန်သွယ်မှုစာရင်းများတွင်တွေ့ရသည်။ ပြီးခဲ့သည့် ဩဂုတ်လထိ မြင့်တက်နေသည့် ထိုင်းဘတ်ငွေလဲနှုန်းမှာ ပြန်လည်ကျဆင်းလာနေပြီဖြစ်သည်။

**Source:** https://www.popularmyanmar.com/?p=128740

## STOCK EXCHANGE (11.9.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 11th Sep. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,533 (Shares) | 34,869,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +0 | +0.00% | 8,800 | 9,000 | 8,800 | 1,771 | 15,929,000 | 33,109,694 | 297,987 |
| MTSH | 00002 | 3,200 | +50 | +1.59% | 3,100 | 3,200 | 3,100 | 2,029 | 6,363,900 | 38,929,150 | 124,573 |
| MCB | 00003 | 7,600 | +100 | +1.33% | 7,600 | 7,600 | 7,600 | 18 | 136,800 | 10,400,986 | 79,048 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 141 | 235,650 | 29,664,613 | 50,430 |
| TMH | 00005 | 2,350 | -50 | -2.08% | 2,350 | 2,350 | 2,350 | 200 | 470,000 | 12,823,224 | 30,135 |
| EFR | 00006 | 2,300 | +50 | +2.22% | 2,250 | 2,300 | 2,200 | 570 | 1,268,000 | 19,977,223 | 45,948 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,800 | 4,900 | 4,800 | 6 | 29,300 | 10,497,598 | 51,438 |
| MAEX | 00008 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 5,798 | 10,436,400 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 11th Sep. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 383.00 | +1.77 | +0.46% | 375.79 | 383.00 | 375.00 | 10,533 | 34,869,050 | 8 | 722,408 |

**Index chart**




YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

We are the first-eve Quick link Notice Disclosure

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 11th Sep. 2023

| Trading Volume | Trading Value |
|---|---|
| 10,533 (Shares) | 34,869,050 (MMK) |

### Main Board

As of 1:00 pm, 11th Sep. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,533 (Shares) | 34,869,050 (MMK) |

| MYANPIX | 383.00 ▲ 1.77 |
|---|---|
| Total Volume (shares) | 10,533 |
| Total Value (MMK) | 35 mil |
| Listed Company | 8 |
| Market Cap. (MMK) | 722,408 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 0 |
| MTSH | 00002 | 3,200 | ▲ 50 |
| MCB | 00003 | 7,600 | ▲ 100 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,350 | ▼ 50 |
| EFR | 00006 | 2,300 | ▲ 50 |
| AMATA | 00007 | 4,900 | ▲ 0 |